## ကလေး နှင့် အတက်ရောဂါ



အတက်ရောဂါရှိသူ ကလေးငယ်အများစုမှာ ပုံမှန် ဉာဏ်ရည် ရှိကြပြီး အတန်းပညာကို ဆည်းပူး နိုင်ပါသည်။



အတက် ရောဂါကု ဆေးများကို ပုံမှန် သောက်ခြင်းဖြင့် ထပ်မံမတက်အောင် ထိန်းထား နိုင်ပါသည်။



ဆေးဖြင့် မထိန်းနိုင်ဘဲ အကြိမ်များစွာ တက် ပါက ဦးနှောက်အတွင်း အောက်ဆီဂျင် ပြတ် လပ်၍ ဦးနှောက်ထိခိုက်ပြီး ဉာဏ်ရည် ထိုင်း မှိုင်း နိုင်ပါသည်။



အသက် အန္တရာယ် မဖြစ်စေနိုင်သော အားကစားနှင့် အခြား အပန်းဖြေသည့် လှုပ်ရှားမှုများကို ပြုလုပ် နိုင်ပါသည်။



ရေကူး ရေငုပ်ခြင်း၊ အမြင့်တက်ခြင်း ကဲ့သို့သော အန္တရာယ်ရှိသည့် အပြု အမူများကို ရှောင်ကြဉ်သင့်ပါသည်။



တီဗွီဂိမ်းအလွန်အကျွံကစားခြင်းနှင့် အိပ်ရေးပျက် ခံခြင်း တို့သည် တက် ခြင်းကိုလှုံ့ဆော်ပေးနိုင်သဖြင့်ရှောင် ကြဉ် ရပါမည်။


## မိဘ၊ ဆရာများ အခန်းကဏ္ဍ



အတက် ရောဂါရှိသော ကလေးငယ် များအား ပုံမှန် ဆေးကုသမှု ခံယူစေ ပြီး မိဘများ အနေဖြင့် ကျောင်းထား ပေးသင့်ပါသည်။



မိဘများက မိမိ သားသမီး၏ အခြေ အနေမှန်များကို ဆရာ၊ ဆရာမများ အား ပြောပြ ထားရပါမည်။



ဆရာ ဆရာမများ ကလည်း အတက်ရောဂါ အကြောင်းနှင့် ရှေးဦး သူနာ ပြုစုနည်းများ၊ အရေးပေါ် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ အား သိရှိထားရန် လိုအပ်ပါသည်။



အတက် ရောဂါရှိသော ကလေးငယ် များ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း မဖြစ်စေရန်အတွက်အတန်းဖော်များ နှင့်အတူ ကျောင်းတွင်းလှုပ်ရှားမှုများ တွင် အတူတကွလက်တွဲဆောင်ရွက် စေရန် လိုအပ်ပါသည်။

Myanmar Epilepsy Initiative
HOPE
FOR EPILEPSY

Epilepsy
Treat it. Defeat it.

# အမျိုးသမီးများ နှင့် ကလေးများအတွက်
## အတက်ရောဂါအကြောင်း သိကောင်းစရာ

အတက်ရောဂါသည် ကုသ၍ ရသော ဦးနှောက်နှင့် အာရုံကြောရောဂါ ဖြစ်ပါသည်။ ကူးစက်တတ်သော ရောဂါ မဟုတ်ပါ။



အတက်ရောဂါရှိသူများ စနစ်တကျ ဆေးကုသမှု ခံယူခြင်းဖြင့် ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင် နိုင်ပါသည်။

မြန်မာနိုင်ငံအတက်ရောဂါစီမံချက်
December, 2016
World Health Organization
Country Office for Myanmar

# အတက်ရောဂါဆိုသည်မှာ

၂၄ နာရီခြား၍ အကြောင်းရင်းခံမရှိဘဲ အနည်းဆုံး(၂)ကြိမ် နှင့် အထက် တက်ခြင်းဖြစ်ပါသည်။

> တက်ခြင်းဆိုသည်မှာ ဦးနှောက်အတွင်းရှိ လျှပ်စီးကြောင်းများ ရုတ်တရက် မူမမှန် ပြောင်းလဲမှုကြောင့် ခန္ဓာကိုယ် တစ်ခုလုံး တောင့်တင်းကာ တုန်၍ သတိလစ်သွားခြင်း ဖြစ်ပါသည်။



အတက်ရောဂါသည် အရွယ်မရွေး ဖြစ်ပွားနိုင်သော်လည်း ကလေးဘဝနှင့် သက်ကြီးပိုင်းတွင် အဖြစ်များပါသည်။

အချို့လူများတွင် စက္ကန့်(သို့)မိနစ် အနည်းငယ်သာ တက်ပြီး အလိုအလျောက်ပင် အတက် ကျကာ ပုံမှန်အနေအထားသို့ ပြန်ရောက်လေ့ ရှိသည်။
အချို့တွင် အတက်ကျချိန်၌ စိတ်ရှုပ်ထွေးခြင်း၊ နွမ်းနယ်ခြင်း၊ ထိုင်းမှိုင်း တွေဝေခြင်း၊ခေါင်းကိုက်ခြင်းများ ဖြစ်နိုင်ပါသည်။



# အမျိုးသမီးများ နှင့် အတက်ရောဂါ

## ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း နှင့် အတက်ရောဂါ



အတက် ရောဂါရှိသူ အမျိုးသမီးများသည် သာမာန် အမျိုးသမီးများကဲ့သို့ အိမ်ထောင်ပြုနိုင်ပါသည်။
တိကျမှန်ကန်သော ဆေးကုသမှုကို ခံယူခြင်းဖြင့် ကျန်းမာသော ကလေးများကို မွေးဖွားနိုင်ပါသည်။

အတက်ရောဂါရှိသူ အမျိုးသမီးတစ်ဦးသည် သားသမီးယူချင်လျှင် ဖြစ်စေ၊ ကိုယ်ဝန်ရလာလျှင် ဖြစ်စေ၊ တတ်သိနားလည်သော ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ရန် အလွန် အရေးကြီးပါသည်။

ကိုယ်ဝန်ဆောင်စဉ် ဆရာဝန် ညွှန်ကြားထားသော မူလသောက်လက်စ အတက်ရောဂါကု ဆေးများကို ဆက်၍ သောက်သင့်ပါသည်။
မိမိ သဘောဖြင့် မရပ်သင့်ပါ။

ကိုယ်ဝန်ဆောင်စဉ် အတက်ရောဂါကို မထိန်းထားနိုင်ပါက ကလေး ပျက်ကျခြင်း၊ကိုယ်ဝန်လမစေ့ဘဲ ကလေးမီးဖွားခြင်း၊ ကလေး အသေ မွေးဖွားခြင်းများ ဖြစ်တတ်သည်။



## မိခင်နို့တိုက်ကျွေးခြင်း နှင့် အတက်ရောဂါ



အတက်ရောဂါကုဆေးများဖြင့် ကုသမှု ခံယူနေသော နို့တိုက်မိခင်သည် မိမိ၏ ရင်သွေးအား နို့တိုက် ကျွေးနိုင်ပါသည်။
အတက်ကျဆေး သောက်နေသော မိခင်၏ နို့ရည်သည် နို့စို့ကလေးအတွက် အန္တရာယ် မဖြစ်စေနိုင်ပါ။



အတက် ရောဂါရှိသော နို့တိုက်မိခင်သည် ကလေးအား ပြုစုစဉ် တက်ပါက မလိုလား အပ်သော အန္တရာယ်များရှိနိုင်သောကြောင့် သောက်လက်စ အတက် ရောဂါကုဆေးများကို ပုံမှန် သောက်ရပါမည်။

## ဓမ္မတာ နှင့် အတက်ရောဂါ

ဓမ္မတာလာချိန်ဝန်းကျင်တွင် သာမာန်ထက် ပို၍ တက်ခြင်းများ ဖြစ်တတ်ပါသည်။

ထိုအချိန်များတွင် တက်ပါက သုံးလ အတွင်းတက်ခဲ့သောအကြိမ် အရေအတွက်၊ တက်သည့် အချိန်နှင့် ကြာချိန်တို့ကို မှတ်စုဖြင့်မှတ်တမ်းတင်ထားပြီး လိုအပ်ပါက ဆရာဝန်နှင့် တိုင်ပင်၍ အတက်ရောဂါကုဆေးပမာဏကို ချိန်၍ သောက်ရမည် ဖြစ်ပါသည်။



## သန္ဓေတားခြင်း



အချို့ အတက် ရောဂါကု ဆေးများသည် သန္ဓေတားသောက်ဆေး၏ဆေးအစွမ်းကို ကျဆင်း စေနိုင်ပါသည်။ ထို့ကြောင့် သင့်တော်သော သန္ဓေတားသည့် နည်းလမ်းများကို ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။